# ၁၉၅၆ ခုနှစ်၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် အက်ဥပဒေ ပုဒ်မ ၂၁ ၏ ပုဒ်မခွဲ (၃) တွင် အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

> "ခြွင်းချက်။ ။သို့ရာတွင် ပြည်ထောင်စုအစိုးရ၏ တာဝန်ခံချက်များကို၊ သို့တည်းမဟုတ် အာမခံချက်များကို အာမခံအဖြစ်ရရှိပြီးသည်လည်းဖြစ်၍၊ ထုတ်ပေးသည့်ကာလအပိုင်းအခြားသည်လည်း တဆယ့်နှစ်လထက်မပိုပါက၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ကို ကြိုတင်ရယူလျက်၊ ငွေချေးယူသူတဦးတည်းအား၊ ဤပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည့်အကန့်အသတ်ထက်ပို၍၊ ချေးငွေများ၊ ထုတ်ပေးငွေများနှင့် စာရင်းရှိငွေထက်ပိုထုတ်ငွေများကိုဘဏ်ကထုတ်ပေးနိုင်သည်။"

အဘိုး ၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၁၀၊ တရားရေးဝန်ကြီးဌာန၊ ၂၅-၁-၅၇—၂,၂၀၀—၂။